# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 15, 2020 Volume 31, Number 9


## ဝန်ဆောင်ခများ ၃ဝ ရာခိုင်နှုန်းဈေးလျှော့ရန် ဧည့်လမ်းညွှန်အချို့စီစဉ်



COVID-19 အလွန်မြန်မာ့ခရီးသွားလုပ်ငန်းတွင် ဧည့်လမ်းညွှန်အချို့ ဝန်ဆောင်ခများ ၃ဝရာခိုင်နှုန်း တစ်နှစ်ဈေးလျှော့ပေးရန် စီစဉ်နေကြောင်းစုံစမ်းသိရသည်။ "ကျွန်တော်နဲ့အတူ စိတ်တူကိုယ်တူရှိတဲ့ ဂိုက်အချို့နဲ့ စပြီးလုပ်တဲ့အစီစဉ်ပါ။ ဧည့်လမ်းညွှန်တွေက ဈေးစလျှော့ရင် အခြားသော ဟိုတယ်၊ စားသောက်ဆိုင်စတဲ့ အဖက်ဖက်က ဈေးလျှော့လိုက်မယ်ဆိုရင် အခြားနိုင်ငံတွေနဲ့ယှဉ်ရင် အရည်အသွေးကောင်းကောင်းကို ဈေးနှုန်းနည်းနည်းနဲ့ ရောင်းနိုင်မယ်။ ဒီလိုလုပ်တာက မြန်မာ့ခရီးသွားလုပ်ငန်းအတွက် တစ်စိတ်တစ်ပိုင်း အထောက်အပံ့ဖြစ်စေဖို့ လုပ်တဲ့သဘောပါ"ဟု မန္တလေး အခြေစိုက် ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးဇော်ဦးဝင်းကဆိုသည်။

ဧည့်လမ်းညွှန်ဝန်ဆောင်ခများ ဈေးလျှော့ခြင်းကို ယခုနှစ် ဇွန် ၁ ရက်မှ စတင်မည်ဖြစ်ပြီး လာမည့်နှစ်မေလကုန်အထိ ခရီးစဉ်များအားလုံးအတွက် ဈေးနှုန်းများလျှော့ပေးရန် စီစဉ်ထားခြင်းဖြစ်သည်။ လက်ရှိတွင် ဝန်ဆောင်ခ ၃ဝရာခိုင်နှုန်း ဈေးလျှော့မည့်အစီစဉ်ကို ရန်ကုန်၊ မန္တလေး၊ ညောင်ရွှေ၊ ပုဂံ၊ မိုးကုတ်စသည့် ခရီးစဉ်ဒေသများမှ ဧည့်လမ်းညွှန် ၂ဝကျော် က စာရင်းပေးသွင်းပြီးဖြစ်ပြီး ခရီးသွားကုမ္ပဏီအချို့နှင့်လည်း ညှိနှိုင်းထားပြီးဖြစ်ကြောင်း ဦးဇော်ဝင်းဦးကဆိုသည်။ အဆိုပါအစီစဉ်ကို အကောင်အထည်ဖော်ရန်အတွက် ကိုဗစ်အလွန်ကာလခရီးစဉ်များတွင် ဧည့်လမ်းညွှန်များ လိုက်ပါ ဝန်ဆောင်မှုပေးနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံမှ လမ်းညွှန်ချက် သင်တန်းများ ရယူနိုင်ရန်စီစဉ်မည်ဖြစ်သည်။ "လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ COVID-19 အလွန်မှာ မြန်မာ့ခရီးသွားလုပ်ငန်းက လုံးဝကိုပုံစံပြောင်းပြီးသွားရမှာဖြစ်တယ်။ ဈေးနှုန်း သတ်မှတ်ချက်တွေက အဓိကမဟုတ်နိုင်ဘူး။

### ၁၅.၅.၂ဝ၂ဝ

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၂ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၄ဝဝဝ |
| ဒေါ်လာဈေး | = ၁၄ဝ၉/- ကျပ် |
| CBM Rate | = ၁၄ဝ၅.ဝ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၇.၂ဝ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၄.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၂.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉ဝ၇.၈ဝ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၂ဝ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၂၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အဓိကက လုပ်ငန်းတွေ ရဲ့ဝန်ဆောင်မှုနဲ့ ထုတ်ကုန်တွေကို လုံးဝပြောင်းလဲရမယ့်အနေအထားရှိတယ်။ ဒါကြောင့် ဒီလို ဈေးလျှော့ပေးတာက တချို့ လုပ်ငန်းရှင်တွေအတွက်အကျိုးသက်ရောက်မှုမရှိနိုင်ဘူး။ ဒါပေမဲ့ အချို့တွေအတွက်တော့ အကျိုးသက်ရောက်မှုရှိကောင်း ရှိနိုင်တယ်။”ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါ်အေးသီတာမိုးကဆိုသည်။

ကိုဗစ်အလွန်ကာလ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ စီမံဆောင်ရွက်မှုများကို ပုံစံအသစ်ဖြင့် ပြောင်းလဲဆောင်ရွက်ရန်နှင့် ငွေကြေးသုံးစွဲမှုများပြားသည့် ခရီးသွားလုပ်ငန်းဈေးကွက်လည်း ပြောင်းလဲသင့်ကြောင်း ခရီးသွားလုပ်ငန်းရှင်များအား ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က တိုက်တွန်းထားသည်။ “ဒီအစီစဉ်များကို ညှိလမ်းညွှန် တစ်ဖက်တည်းနဲ့ လုပ်ဆောင်လို့အဆင် မပြေနိုင်ဘူး၊ ခရီးသွားကဏ္ဍတစ်ခုလုံးမှာ ပါဝင်ပတ်သက်နေတဲ့ အခြားသော ဟိုတယ်၊ စားသောက်ဆိုင်၊ လေကြောင်းလိုင်း၊ ခရီးသွားကုမ္ပဏီတွေ စနစ်တကျပူးပေါင်းပြီးဈေးလျှော့မှပဲ ခရီးစဉ်ဈေးနှုန်းတွေက ဈေးလျှော့နိုင်မယ်”ဟု ဝါရင့် ညှိလမ်းညွှန် တစ်ဦးဖြစ်သူ ဦးအောင်ထွန်းလင်းက မှတ်ချက်ပြုသည်။

**Source:** https://myanmar.mmtimes.com/news/139224.html

## ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ပြည်ပသို့ ရော်ဘာတင်ပို့မှု ယခင်နှစ်ကာလတူထက် တန်ချိန် ၁၈၀၀၀ ခန့် လျော့ကျခဲ့သည့်အတွက် ဝင်ငွေဒေါ်လာသန်း ၂၀ ကျော်လျော့ကျ



လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ပြည်ပသို့ရော်ဘာ တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၁၈၀၀၀ ကျော် လျော့ကျခဲ့သည့်အတွက် ဝင်ငွေဒေါ်လာ သန်း ၂၀ ကျော် လျော့ ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်း ဝန်ဦး ခင်မောင်လွင်ကပြောကြားသည်။ “အခုလက်ရှိမှာ တန်ချိန်က တစ်သိန်းတစ်သောင်းလောက်ပို့ထားတာပေါ့။ တန်ဖိုးကတော့ ဒေါ်လာ ၁၃၈ သန်းရှိတယ်။ ပြီးခဲ့တဲ့နှစ် ကာလတူနဲ့ယှဉ်ရင် ဒေါ်လာ ၂၃ လောက်နည်းတဲ့အနေအထား တန်ချိန်ကလည်း တစ်သောင်းရှစ်ထောင်လောက်လျော့တယ်” ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၂၃ ရက်အထိ ခုနစ်လခန့်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် ၁၁၀၀၀၀ တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၁၃၈ သန်းရရှိထားသည်။ ယခင်နှစ်ကာလတူတွင် ရော်ဘာတန်ချိန် ၁၂၈၀၀၀ အထိ တင်ပို့ထားပြီး ဝင်ငွေ ဒေါ်လာ ၁၆၁ သန်းရရှိထားသည်။ လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ရော်ဘာတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် ၁၈၀၀၀ လျော့ကျခဲ့ပြီး ဝင်ငွေအားဖြင့် ဒေါ်လာ ၂၃ သန်းအထိ လျော့ကျခဲ့သည်။ ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးသည့်ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းများတွင်လည်း စိုက်ပျိုးကြောင်းသိရသည်။ မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသိန်းနီးပါးရှိပြီး ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိုက်ပျိုးမှုမှာ ၁၆ သိန်းခန့်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန် စုစုပေါင်းနှစ်သိန်းခန့်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့ နေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိပြီး အဓိကတင်ပို့နေသည့်နိုင်ငံမှာ တရုတ် နိုင်ငံဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်သူများအသင်းမှသိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ရော်ဘာကို တရုတ်နိုင်ငံအပြင် ဒေသတွင်းနိုင်ငံများ၌ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနိုင်ငံများသို့တင်ပို့လျက်ရှိပြီး ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။ မွန်ပြည်နယ်တွင်သာမက ရော်ဘာစိုက်ဧကနှင့် ရော်ဘာအထွက်များသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် နိုင်ငံတကာအဆင့်မီ ရော်ဘာကုန်ကြမ်းနှင့်ကုန်ချော ထုတ်လုပ်နိုင်ရန် ရော်ဘာအထူးဇုန်များ ဖော်ဆောင်ပေးရန် မတ် ၇ ရက်က ပြုလုပ်သည့် ဒုတိယသမ္မတ (၁) ဦးဆောင်သော

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၁၅) ကြိမ်မြောက် အခမ်းအနားတွင် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်သူများအသင်းအတွင်းရေးမှူး ဦးခိုင်မြင့်ကတင်ပြခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံခြားသို့တင်ပို့နေသော RSS မှိုင်းခံရော်ဘာများ၊ ရော်ဘာခြံများ(အထူးသဖြင့် ခြံငယ်များ)များမှ ထုတ်လုပ်ရာတွင် စက်ပစ္စည်း၊ အစေးခဲကန်၊ မှိုင်းခံများမရှိသဖြင့် ရော်ဘာအစိုပြားများ အထူးပြားများသာထုတ်လုပ်နေရပြီး ရောင်းချရာတွင်လည်း ဈေးမရကြသည့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

**Source:** https://news-eleven.com/article/173638

## COVID-19 ကာလအတွင်း အခြေခံလူတန်းစားများ ဝင်ငွေရရှိရေး အလုပ်အကိုင်များဖန်တီးပေးမည်



COVID-19 ကာလအတွင်း အခြေခံလူတန်းစားများ ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်နေရာများ ဖန်တီးပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးခြင်း၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းစသည့် လုပ်ငန်းခွင်များတွင်လည်းကောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းခွင်များတွင်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ကျေးလက်လမ်းနှင့်တံတားများ တည်ဆောက်ဖောက်လုပ်ခြင်းလုပ်ငန်းများတွင်လည်းကောင်း အခြေခံလူတန်းစားများအတွက် အလုပ်အကိုင်များဖန်တီးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ခဲ့ခြင်းလည်းဖြစ်သည်။ "ကျွန်တော်တို့ဝန်ကြီးဌာနမှာ အလုပ်ပေးနိုင်တဲ့ စိုက်ပျိုးရေး၊ ဆည်မြောင်းနဲ့ကျေးလက် (ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) ရှိတယ်။ အဓိကအားဖြင့် အခြေခံလူတန်းစားတွေ ဝင်ငွေရရှိဖို့ကို ဖြစ်နိုင်တဲ့နည်းလမ်းတွေစဉ်းစားတော့ ဒီလုပ်ငန်းတွေရှိတာပေါ့ "ဟု ယင်းဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်းကပြောသည်။ အထက်ပါဌာနသုံးခုတို့မှ အလုပ်အကိုင်မည်မျှဖန်တီးနိုင်မည်ကိုမူ လောလောဆယ် မပြောနိုင်သေးပေ။ "ရတဲ့ဘတ်ဂျက်အပေါ် မူတည်ပြီး အခြေခံလူတန်းစားတွေအတွက် ဖန်တီးပေးမှာမှန်တယ်။ သို့သော် ပမာဏဘယ်လောက်ရှိမယ်ဆိုတာတော့ ပြောဖို့ခက်နေသေးတယ်"ဟု ၎င်းကပြောသည်။

ဝန်ကြီးဌာနသည် ပြည်ပချေးငွေ၊ အထောက်အပံ့နှင့် နိုင်ငံတော်ဘတ်ဂျက်တို့ဖြင့် ဧကနစ်သိန်းတွင် သီးနှံစုံမျိုးစေ့ထုတ်လုပ်ခြင်း၊ စံပြကျေးရွာများတွင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့်လည်း အကျိုးတူ လယ်ယာစနစ် ဧကနစ်သိန်းတွင် စိုက်ပျိုးထုတ်လုပ်ခြင်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် စုစုပေါင်း ဧကလေးသိန်းအတွက် လုပ်သားများကိုဖိတ်ခေါ်လျက်ရှိသည်။ ဝန်ကြီးဌာနက အတည်ပြုထားခြင်းမရှိသေးသော်လည်း အဆိုပါ ဧကလေးသိန်းအတွက် လုပ်သားအင်အားများစွာလိုအပ်မည်ဖြစ်ကြောင်း ပျဉ်းမနားမြို့နယ်မှ တောင်သူ ဦးထွန်းဝေက မှတ်ချက်ပေးသည်။ "အဲဒီလုပ်ငန်းတွေအတွက်ဆိုရင်တော့ တစ်ဧကကို အနည်းဆုံးလူနှစ်ယောက်လောက်လိုမယ်။ သက်တမ်းကလည်း အနည်းဆုံးလေးလလောက်ပေါ့။ ဒါက တောင်သူလုပ်ငန်း အတွေ့အကြုံအရပြောတာပါ"ဟု တောင်သူလုပ်သက်နှစ် ၅၀ ကျော်ရှိပြီဖြစ်သော ၎င်းကပြောကြားသည်။

ထိုကဲ့သို့ပင် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများအတွက်လည်း စိတ်ဝင်စားသည့် လုပ်သားများကို ဖိတ်ခေါ်လျက်ရှိသည်။ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများနှင့် နေပြည်တော်တို့တွင် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းငါးခုတို့ကိုဆောင်ရွက်မည်ဖြစ်သည်။ လက်ပံတန်း၊ သာယာဝတီ၊ ဒိုက်ဦး၊ ဥတ္တရသီရိ၊ ကျောက်ဆည်၊ ရွှေဘိုနှင့်ကန့်ဘလူတို့တွင်အဆိုပါ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် နီးစပ်ရာလုပ်ငန်းခွင်များတွင် ပါဝင်လုပ်ကိုင်နိုင်ကြောင်း အသိပေးထားခြင်းဖြစ်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများအတွက်ကိုမူ ကာယလုပ်သားများစွာ ခေါ်ယူမည်ဖြစ်သော်လည်း တရားဝင်ထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။

**Source:** https://myanmar.mmtimes.com/news/139247.html

## COVID – 19 အလွန် စီးပွားရေး အရှိန်အဟုန်ဖြင့် ပြန်ဦးမော့လာစေရန် အကြံပြုချက် ကုန်သည်စက်မှုအသင်းချုပ် နိုင်ငံတော်သို့တင်ပြ



COVID – 19 အလွန် စီးပွားရေးအရှိန်အဟုန်ဖြင့် ပြန်လည်ဦးမော့လာစေရန် စီးပွားရေးဆိုင်ရာအကြံပြုချက်ကို ကုန်သည်စက်မှုအသင်းချုပ်မှ နိုင်ငံတော်သို့ အကြံပြု တင်ပြထားကြောင်း ယင်းအသင်းချုပ်မှသိရသည်။ "ကုန်သည်စက်မှုအသင်းအနေနဲ့ နိုင်ငံတော်ကို ဒီတစ်ရက်နှစ်ရက်အတွင်းက တင်ပြထားပါတယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ ကိုဗစ်ကာလမှာ ဘာတွေဖြစ်နေလဲ။ ကိုဗစ်အလွန်မှာဘာတွေဖြစ်လာနိုင်သလဲ။ စီးပွားရေးအရ ကိုဗစ်ကာလအလွန်မှာ ဘယ်ကဏ္ဍကို အရေးတကြီးဦးစားပေးရမယ်ဆိုတာပြောရခက်ပါတယ်။ လုပ်ရမှာတွေက အများကြီးပါပဲ" ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက မြန်မာတိုင်းမ်သို့ပြောသည်။

အဆိုပါစီးပွားရေးဆိုင်ရာ အကြံပြုတင်ပြချက်တွင် စီးပွားရေးကဏ္ဍ တစ်ခုချင်းစီ၏ လတ်တလော အခြေအနေများ ၊ ဆက်လက် ရင်ဆိုင်ရနိုင်သည့် အခက်အခဲများနှင့် ပြန်လည် ဦးမော့လာစေရန် ငွေကြေးမည်မျှစိုက်ထုတ်၍ ပံ့ပိုးပေးသင့်သည် ဟူသည့် အချက်အလက်များကို ပြည့်စုံစွာထည့်သွင်း ရေးသားထားပြီး ဆုံးဖြတ်ချက်ကို အစိုးရကသာလုပ်ဆောင် သွားမည်ဖြစ်သည်။ "အခန်းကဏ္ဍအနေနဲ့ ဘာကိုဦးစားပေးရမလဲဆိုတာ သိပ်ပြီးတော့ သတ်သတ်မှတ်မှတ်အရမ်းမရေးထားပါဘူး။ ဘယ်ဟာကို အာရုံစိုက်ရမယ်မပြောဘဲနဲ့ ကဏ္ဍအလိုက် အကုန်လုံးရဲ့အခြေအနေကို တင်ပြထားပြီးတော့ ဒါကိုအစိုးရကပဲ ဆုံးဖြတ်မှာပါ။ လုပ်ငန်းအားလုံးထိတယ်။ ဘယ်လုပ်ငန်းကတော့ ဘယ်လောက်ကြာမှ တက်မယ် ၊ လောလောဆယ် ဘယ်လိုဖြစ်နေသလဲ ၊ ဘယ်လောက်ကျဆင်းသွားမလဲဆိုတာကို နိုင်ငံတကာရဲ့သုံးသပ်ချက်တွေနဲ့ ကုန်သည်စက်မှုအသင်းချုပ်ရဲ့ သုံးသပ်ချက်တွေ ပေါင်းပြီးတင်လိုက်တာပါ" ဟု ဒေါက်တာမောင်မောင်လေးကပြောသည်။

လက်ရှိတွင် နိုင်ငံတွင်း COVID – 19 ကူးစက်ခံနေရသူ ၁၈၀ ကျော်ရှိနေပြီး စီးပွားရေးကဏ္ဍအသီးသီးတွင်လည်း ဆုံးရှုံးမှုများဖြစ်ပေါ်နေပြီး ယင်း COVID 19 ကာလအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေး ၅၀ ရာခိုင်နှုန်းကျော် ကျဆင်းလျက်ရှိသည်။ COVID–19 ရောဂါ၏ သက်ရောက်မှုမှာ ၁၈ လခန့်အထိ ကြာမြင့်နိုင်မည်ဟု ပညာရှင်များ၏သုံးသပ်မှုများအရ စီးပွားရေးထိခိုက်မှုများနည်းပါးစေရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း ဒေါက်တာမောင်မောင်လေးက ပြောသည်။ ဥရောပနိုင်ငံများနှင့် ကိုရီးယား ၊ ဂျပန် စသည့်ကမ္ဘာ့ထိပ်တန်းနိုင်ငံများသို့ ကုန်ချောများအမိကတင်ပို့ နေသည့် CNP လုပ်ငန်းများ ထိခိုက်လာပြီး ရောဂါဖြစ်ပွားနေသည့် နိုင်ငံများအနေဖြင့် စားသောက်ကုန်မှလွဲ၍ အခြားကုန်ပစ္စည်းများတင်သွင်းမှုကို လျှော့ချမည်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်များလျော့ကျလာကာ ကုန်ချောတင်ပို့မှုလျော့ကျသကဲ့သို့ ကုန်ကြမ်းမရသည့် ပြဿနာရှိလျှင်လည်း အခက်အခဲဖြစ်လာနိုင်ကြောင်း ပညာရှင်များကသုံးသပ်ထားသည်။

**Source:** https://myanmar.mmtimes.com/news/139225.html

## အိန္ဒိယက မတ်ပဲတင်သွင်းခွင့်အချိန် ထပ်တိုးပေးခြင်းကြောင့် ပြည်တွင်းပဲဈေး အနည်းငယ်တက်

အိန္ဒိယအစိုးရက မတ်ပဲ တင်သွင်းခွင့် အချိန်ထပ်မံတိုး ပေးလိုက်ခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းအနည်းငယ် ပြန်လည်မြင့်တက်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် အိန္ဒိယအစိုးရက မတ်ပဲတန်နှစ် သိန်းခွဲ တင်သွင်းခွင့်ချထားပေးပြီး ပဲတင်သွင်းခွင့် လိုင်စင်ချထားပေး မှုကို မေလ ၁၅ ရက်တွင် နောက်ဆုံးသတ်မှတ်သည်။

လက်ရှိတွင် တန်ချိန်သုံး သောင်းခန့်တင်သွင်းရန် လိုင်စင် ကျန်ရှိနေခြင်းကြောင့် လကုန်အ ထိ အချိန်တိုးပေးသဖြင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲအဝယ် လိုက်လာပြီး တစ်တန်လျှင် ကျပ် နှစ်သောင်းခွဲ ဈေးတက်သည်။ မတ်ပဲ တစ်တန်လျှင် ကျပ် ၉၆၅,၀၀၀ မှ ကျပ် ၉၉၀,၀၀၀၊ ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၇၆၀,၀၀၀ မှ ကျပ် ၇၈၀,၀၀၀ သို့ မြင့်တက်သည်။

အိန္ဒိယအစိုးရက ၂၀၂၀-၂၁ ဘဏ္ဍာနှစ် မတ်ပဲတန်လေးသိန်း၊ ပဲစင်းငုံ တန်လေးသိန်းတင်သွင်းရန် ခွဲတမ်းချထားပေးသော်လည်း လက်ရှိအချိန်တွင် ယခင်နှစ်ခွဲတမ်းကိုသာ လိုင်စင်အကုန်တင်သွင်းခွင့်ပြုသည်။ ၂၀၁၉ တင်သွင်းခွင့်လိုင်စင်ကုန်သွားပါက ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွက် လိုင်စင်အသစ်များကို ထပ်မံချထားပေးမည်ဟု ပြည်ပသို့ ပဲမျိုးစုံတင်ပို့နေသည့် လုပ်ငန်းရှင်အချို့က ခန့်မှန်းသည်။ လက်ရှိ ရန်ကုန်စျေးကွက်တွင် မတ်ပဲစျေးတက်ခြင်းကြောင့် နယ်စျေးကွက်များတွင်လည်း မတ်ပဲတစ်တင်းလျှင် ကျပ်တစ်ထောင်ခန့်စျေးတက်သည်။ နယ်စျေးကွက်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၃၀,၅၀၀ မှ ကျပ် ၃၁,၄၀၀ သို့ မြင့်တက်ကြောင်း ဓနုဖြူမြို့နယ်မှ ဦးသိန်းအောင်ကပြောသည်။

**Source:** https://7day.news/detail?id=186156

## မြန်မာနိုင်ငံမှဆန်ရောင်းချပေးရန် နိုင်ငံအချို့ကကမ်းလှမ်းမှုများရှိကြောင်းနှင့် အခက်အခဲတွေ့ကြုံရသည့်နိုင်ငံအပေါ် သင့်တင့်သည့်စျေးနှုန်းနှင့် အရည်အသွေးရှိသည့်ဆန်များ ရောင်းချပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



မြန်မာနိုင်ငံမှ ဆန်များရောင်းချပေးရန် အချို့နိုင်ငံများက ကမ်းလှမ်းမှုများရှိကြောင်းနှင့် အခက်အခဲကြုံတွေ့ရသည့် နိုင်ငံအပေါ် သင့်တင့်သည့်စျေးနှုန်းနှင့် အရည်အသွေးရှိသည့်ဆန်များ ရောင်းချပေးစေလိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်ကပြောကြားသည်။ မေ ၁၃ ရက်က ပြုလုပ်သည့် ဆန်နှင့်ပဲမျိုးစုံ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စိုက်ပျိုးရေးရာသီအမီ သွင်းအားစုဓာတ်မြေသြဇာပိုးသက်ဆေးများ လွယ်ကူလျှင်မြန်စွာတင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အချို့နိုင်ငံများမှ ဆန်ရောင်းချပေးရန် ပြောကြားမှုများရှိပါကြောင်း၊ ထို့ပြင် ဆန်ပြည်ပသို့တင်ပို့ရောင်းချရာတွင် သင့်လျော်သည့် စျေးကွက်စျေးနှုန်းဖြစ်စေရန် လိုအပ်ပါကြောင်း၊ အခက်အခဲတွေ့ကြုံရသည့် နိုင်ငံများအပေါ်တွင် သင့်တင့်သည့် စျေးနှုန်းနှင့် ကောင်းမွန်သည့်အရည်သွေးရှိသည့် ဆန်များ ရောင်းချစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ထို့ပြင် ပဲမျိုးစုံပြည်ပတင်ပို့ရာတွင် အပင်ပိုးမွှားရောဂါ Certificate အခက်အခဲများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများက အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခက်အခဲများကို စုပေါင်းဖြေရှင်း၍ ကျော်လွှားဆောင်ရွက်သွားမည်ဖြစ်၍ COVID-19 အလွန်ကာလတွင် နိုင်ငံစီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အကြံဉာဏ်များပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှစ်ခုစလုံးမှတင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူစျေးကွက်၊ အာဖရိကစျေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၇ သန်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာသန်း ၅၀၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန်လေးသိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဒေါ်လာ ၉၃ သန်းပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၄ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၇ သန်းအထိ တင်ပို့ထားပြီး ဝင်ငွေဒေါ်လာ ၅၀၃ သန်းရရှိထားသည်။ “ဒီနှစ်မှာ တန်ချိန် ၁ ဒသမ ၇ သန်းအထိ တင်ပို့ပြီးပြီ မနှစ်ကကာလတူထက် တန်ချိန် လေးသိန်းကျော်လောက် ပိုတယ်။ တန်ဖိုးကတော့ ၉၃ သန်း ပိုရထားတယ်” ဟု ဦးခင်မောင်လွင်က ပြောကြားသည်။ COVID-19 ကာလအတွင်း ဆန်နှင့်ဆန်ကွဲ ပို့ကုန်လိုင်စင်အတွက် လစဉ်ပင်လယ်ရေကြောင်းမှ တန်ချိန်တစ်သိန်းနှင့် နယ်စပ်လမ်းကြောင်းမှတန်ချိန်ငါးသောင်း စုစုပေါင်းတန်ချိန် တစ်သိန်းခွဲအထိ ခွင့်ပြုသွားမည်ဖြစ်ကြောင်း မေ ၂၄

ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ လက်ရှိ မေလအတွင်း ပြည်ပတင်ပို့မည့် ဆန်နှင့်ဆန်ကွဲတန်ချိန်တစ်သိန်းခွဲအား ပင်လယ်ရေကြောင်းမှ ကုမ္ပဏီ ၁၁၂ ခုနှင့် နယ်စပ်လမ်းကြောင်းမှ ကုမ္ပဏီ ၂၀၀ ခန့် စုစုပေါင်းကုမ္ပဏီ ၃၀၀ ကျော်တို့က သတ်မှတ်ခွဲဝေထားသော ပမာဏအတိုင်းတင်ပို့ သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။ လက်ရှိဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းခွဲခန့်အထိ တင်ပို့နိုင်မည့် အခြေအနေရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားထားသည်။

**Source:** https://news-eleven.com/article/173634

## ရန်ကုန်စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ ၁၁ မြို့နယ်ကို စက်မှုဇုန်တည်ထောင်နိုင်ရန်ကြိုးပမ်းနေပြီး လှည်းကူး စက်မှုဇုန်တည်ထောင်နိုင်ရေး စင်ကာပူနှင့်ပူးပေါင်းဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ်ပြောကြား




ရန်ကုန်တိုင်းဒေသကြီးတွင် စည်ပင်သာယာ နယ်နိမိတ် ပြင်ပ၌ မြို့နယ် ၁၂ မြို့နယ်ရှိသည့်အနက် ကိုကိုးကျွန်းမြို့နယ်မှအပ အခြားမြို့နယ် ၁၁ မြို့နယ်ကို စက်မှုဇုန်များထူထောင်ရန်ကြိုးပမ်းနေပြီး လှည်းကူး စက်မှုဇုန်တည်ဆောက်နိုင်ရေးအတွက် စင်ကာပူနိုင်ငံနှင့် ပူးပေါင်း၍ ကြိုးစားဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောကြားသည်။ “စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့ဟာ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ပြည်တွင်းစက်မှုဇုန် ၂၉ ခု စက်မှုဇုန်ပေါင်း ၃၀ ခန့်ရှိပါတယ်။ ဒီစက်မှုဇုန်တွေကို အဆင့်မြှင့်တင်မှု တစ်ဖက်ကနေဆောင်ရွက်သလို နောက်ထပ်စက်မှုဇုန်အသစ်တွေကို တည်ဆောက်နိုင်ဖို့အတွက် ကြိုးစားနေပါတယ်။ လက်ရှိ ထိုင်းနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပူးပေါင်းပြီး Yangon Amata Smart and Eco City စက်မှုဇုန်တစ်ခုကို ဒဂုံအရှေ့ဘက်မှာ တည်ဆောက်ဖို့အတွက် လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်။ မကြာခင်မှာ ပန္နက်ရိုက်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ နောက်ပြီး ကိုရီးယား-မြန်မာ စီးပွားရေးဇုန် (Korea-Myanmar Industrial Complex) တစ်ခုကို ညောင်နှစ်ပင်မှာ ပန္နက်ရိုက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မကြာခင်တည်ဆောက်ရေး လုပ်ငန်းတွေကိုဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေသလို အမြန်လမ်း လေးမိုင်မှာ Eco Green City ကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါဟာ ရန်ကုန်မြို့ကို ဝင်လာတဲ့နေရာမှာ လှပသာယာတဲ့ မြို့တော်ရဲ့အင်္ဂါရပ်တွေကို မြင်တွေ့နိုင်တဲ့ မြို့ပြအသစ်တွေကို စနစ်တကျ တည်ဆောက်နေပါတယ်။ ရန်ကုန်ရဲ့စည်ပင်သာယာနယ်နိမိတ်ပြင်ပမှာ ၁၂ မြို့နယ်ရှိပါတယ်။ ကိုကိုးကျွန်းက သီးခြားကျွန်းအဖြစ် တည်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ကိုကိုးကျွန်းကို ၂၄ နာရီ မီးပေးနိုင်ဖို့နဲ့ ခရီးသွားလာနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေသလို စည်ပင်သာယာနယ်နိမိတ်ပြင်ပမှာရှိနေတဲ့ အခြားမြို့နယ် ၁၁ မြို့နယ်ကို စက်မှုဇုန်တွေ ထူထောင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ လှည်းကူးစက်မှုဇုန် တည်ဆောက်နိုင်ဖို့အတွက် စင်ကာပူနိုင်ငံနဲ့ ပူးပေါင်းပြီး ကြိုးစားဆောင်ရွက်နေပါတယ်။ ထန်းတပင်မြို့နယ်မှာ စက်မှုဇုန်တည်ဆောက်နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ အတည်ပြုချက်ရယူထားပြီးဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်ပြီး ရှေ့ဆက်တည်ဆောက်ရေးကဏ္ဍတွေမှာ ဆောင်ရွက်သွားဖို့အတွက် ပြင်ဆင်နေပြီဖြစ်ပါတယ်”ဟု လက်ရှိအစိုးရ စတုတ္ထနှစ်သက်တမ်းအတွင်း ရန်ကုန်တိုင်းအစိုးရ၏ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ရန်ကုန်မြို့ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်အသစ်များ တည်ဆောက်နိုင်ရေး ကြိုးပမ်းမှုအပြင် စက်မှုဇုန်များအဆင့်မြှင့်တင်နိုင်ရေးအတွက် စက်မှုဇုန်အဆင့်မြှင့်တင်မှု ကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခြင်းများ လုပ်ဆောင်နေသည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြုပြင်ပြောင်းလဲလိုက်သည့်အတွက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီကိုဖွဲ့စည်းကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမို

တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်နေကြောင်း ဦးဖြိုးမင်းသိန်းက ဆက်လက်ပြောကြားသည်။ “တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီကနေ အမေရိကန်ဒေါ်လာငါးသန်းနဲ့ အမေရိကန်ဒေါ်လာငါးသန်းအောက်လုပ်ငန်းတွေ ခွင့်ပြုနိုင်ခွင့် ရလာပြီဖြစ်တဲ့အတွက် ပိုမိုမြန်ဆန်တဲ့ ဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထည်ချုပ်လုပ်ငန်းလိုမျိုး အလုပ်သမား အများစု အလုပ်ပေးနိုင်တဲ့ကဏ္ဍနယ်ပယ်တွေကို ပိုပြီးတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်”ဟု ၎င်းကဆိုသည်။ ထို့ပြင်ရင်းနှီးမြှုပ်နှံမှု ဖိုရမ်များကိုပါဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ၊ ၂၀၁၉ ခုနှစ် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်များအပြင် ၂၀၂၀ ပြည့်နှစ် ရန်ကုန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကိုပါ ဆက်လက်ဆောင်ရွက်ရန်ပြင်ဆင်နေသည်ဟု ဦးဖြိုးမင်းသိန်းကပြောကြားသည်။

**Source:** https://news-eleven.com/article/173536

## ပြည်ပပို့ ထိုင်းဆန်စျေးတွေကျ

မိုးခေါင်ရေရှား ပြဿနာကြုံနေရတဲ့ ထိုင်းနိုင်ငံမှာ ဒီသီတင်းပတ်ထဲ ဆန်သစ်တွေ ပေါ်လာတာနဲ့အတူ စျေးပိုသက်သာတဲ့ အိန္ဒိယနဲ့ဗီယက်နမ်ဆန်တွေနဲ့လည်း အကြိတ်အနယ်စျေးပြိုင်ခဲ့ရတာကြောင့် ပြည်ပပို့ဆန်စျေးတွေကျဆင်းခဲ့ပါတယ်။ အပွဲအစင် ဆန်ကျိုး ၅ % ပါတဲ့ ထိုင်းဆန် တတန်ကို ပြီးခဲ့တဲ့ သီတင်းပတ်ပေါက်စျေး အမေရိကန် ဒေါ်လာ ၅၁၅ ကနေ ၅၄၆ အတွင်းရှိခဲ့ရာ က ဒီတပတ်ထဲ ဒေါ်လာ ၄၈၀ ကနေ ၄၈၅ ပဲရှိတဲ့အတွက် ဒါဟာမတ်လကုန်နောက်ပိုင်း အနိမ့်ဆုံးကျခဲ့တာပါ။ ဒီလ စျေးကွက်ထဲ ဆန်သစ်တွေဝင်လာသလို မိုးရွာမယ်လို့လည်း ခန့်မှန်းကြတဲ့အတွက် ဆန်ပြတ်လပ် မှာကို သိပ်မစိုးရိမ်ရတော့ဘူးလို့ ဘန်ကောက်မြို့အခြေစိုက် ဆန်ကုန်သည်တဦးကပြောပါတယ်။ ၁၀ စုနှစ်အတွင်း ထိုင်းနိုင်ငံမှာ မိုးခေါင်ရေရှားပြဿနာအဆိုးဆုံးကြုံခဲ့ရတာကြောင့် ဧပြီလတွင်းဆန်စျေးမြင့်တက်ခဲ့တာပါ။ ဗီယက်နမ် စျေးကွက်နဲ့အပြိုင် ဖြစ်နေပြီး ဝယ်လိုအားနည်းနေပေမဲ့လည်း အခုလို စျေးနှုန်းကျဆင်းလာတဲ့ ထိုင်းဆန်ကိုဝယ်ယူဖို့ဖိလစ်ပိုင်နိုင်ငံလို နိုင်ငံတွေ အနေနဲ့ စိတ်ဝင်စားနိုင်တယ်လို့ ဆန်ကုန်သည်တဦးက ခန့်မှန်းပါတယ်။

ဆန်တင်ပို့မှု အများဆုံးဖြစ်တဲ့ အိန္ဒိယက ဆန်အကျိုး ၅ %ပါ ဆန် ၁ တန်ကို ဒီသီတင်းပတ်မှာ အမေရိကန် ဒေါ်လာ ၃၈၀ ကနေ ၃၈၅ ပေါက်ခဲ့တဲ့အတွက် ဩဂုတ်လ အစောပိုင်းနောက်မှာ စျေးအမြင့်ဆုံးရောက်ခဲ့တာပါ။ ထိုင်းနဲ့ ဗီယက်နမ်တို့ထက် စာရင် အိန္ဒိယဆန်က စျေးသက်သာတဲ့ အတွက် မနှစ်ကထက် ရောင်းအားတက်လာတယ်လို့ အိန္ဒိယ ဆန်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ B.V. Krishna Rao ကပြောပါတယ်။ ဒီသီတင်းပတ် ၅ % ဆန်အကျိုးပါ ဗီယက်နမ်ဆန် ၁ တန် အမေရိကန် ဒေါ်လာ ၄၅၀ ကနေ ၄၆၀ အတွင်း ပေါက်စျေးရှိပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါထဲ ဆန်အလုံအလောက်ရှိစေဖို့ ဗီယက်နမ် အစိုးရက ပြည်ပဆန်တင်ပို့တာကို မတ်လကစပြီး ပိတ်ပင်ထားခဲ့ပေမဲ့ မေလထဲမှာတော့ ပြည်ပဆန်တင်ပို့မှုကို အပြည့်အဝ ပြန်လည်ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့် ဗီယက်နမ်ဆန်ကုန်သည်တွေက အရင်စာချုပ်နဲ့ ဝယ်လက်တွေဆီကို ဆန်တွေအလျှင်အမြန် တင်ပို့ပေးနေတာလည်းဖြစ်ပါတယ်။

**Source:** https://burmese.voanews.com/a/thai-rice-/5420245.html

## မြေထောက်ပဲများ မန္တလေးစျေးကွက်တွင် အရောင်းအဝယ်ပြန်လည်သွက်လက်



ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် အရောင်းအဝယ်များ အေးစက်ငြိမ်သက်နေသည့် မန္တလေးပဲစျေးကွက်တွင် ယခုရက်ပိုင်းအတွင်း၌ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မြေထောက်ပဲသီးနှံများ အရောင်းအဝယ်များ ပြန်လည်သွက်လက်မြန်ဆန်လာကြောင်း မန္တလေးပဲကုန်သည်များထံမှသိရသည်။ "ဒီနှစ်အစမှာ ထွက်ရှိတဲ့ မြေထောက်ပဲ သီးနှံတွေကို တရုတ်နိုင်ငံက အဖွင့်စျေး သုံးတင်းဝင်တစ်အိတ်ကို ၉၅၀၀၀ ကျပ်ပေါက်စျေးနဲ့ စတင်ဝယ်ယူခဲ့ပေမယ့် ကိုဗစ်-၁၉ ရောဂါဝင်ကြောင့် အဝယ်ရပ်နားသွားခဲ့တယ်။ ဒါပေမယ့် ဒီရက်ပိုင်းမှာ အိန္ဒိယနိုင်ငံက ပြန်လည်ဝယ်ယူလာတဲ့အတွက် အရောင်းအဝယ်တွေ ပြန်ပြီးသွက်လက်လာတယ်။

လက်ရှိစျေးကွက်မှာ သုံးတင်းဝင်တစ်အိတ်ကို ၉၅၀၀၀ ကျပ်နှုန်းနဲ့ အရင် ပေါက်စျေးအတိုင်းပဲ အရောင်းအဝယ်တွေ ပြန်ပြီးဖြစ်နေတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကုန်စည်ဒိုင် ပိတ်ထားတဲ့ကာလမှာ တောင်သူနဲ့ ကုန်သည်တွေ အဆင်ပြေအောင်

အွန်လိုင်းစနစ်နဲ့ အရောင်းအဝယ်တွေလုပ်နေကြတယ်ဆိုပေမယ့် နမူနာပဲမျိုးစုံခင်းကျင်းထားတဲ့ ကုန်စည်ဒိုင်မှာရောင်းသူနဲ့ ဝယ်သူ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး အရောင်းအဝယ်လုပ်ရတာလောက်တော့ အားရကျေနပ်မှုမရှိဘူး။ ဒါကြောင့် မန္တလေး ကုန်စည်ဒိုင် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ဖို့ မျှော်လင့်နေကြပါတယ် "ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

မြေထောက်ပဲကို အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့မှ နှစ်စဉ်ဝယ်ယူမှုများရှိနေပြီး အရှေ့ အလယ်ပိုင်းဒေသရှိနိုင်ငံများမှာလည်း ယခင်နှစ်များက ဝယ်ယူမှုရှိခဲ့ကြောင်းသိရသည်။ မြေထောက်ပဲကို ဧရာဝတီ မြစ်ဝှမ်းဒေသများ ဖြစ်သည့် ဗန်းမော်၊ ကသာ၊ ထီးချိုင့်နှင့် ရွှေကူမြို့နယ်များတွင် မြစ်ရေကျချိန် မြေနုကျွန်းများပေါ်၌ အောက်တိုဘာလအတွင်း စတင်စိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် ဇန်နဝါရီလတွင် ထွက်ရှိကြောင်းနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသ ကလေး၊ ကလေးဝမြို့နယ်များမှ စိုက်ပျိုးထွက်ရှိသည့် မြေထောက်ပဲများမှာလည်း ဖေဖော်ဝါရီလအတွင်း၌ စတင်ထွက်ရှိ ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/photos/

## မြိတ်မြို့မှ ကဏန်းမည်းတင်ပို့ရောင်းချမှုဈေးကွက် ကိုဗစ် – ၁၉ မဖြစ်ခင် ကာလကထက် ဈေးနှုန်းထက်ဝက်ခန့်ကျဆင်း



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ ကဏန်းမည်းတင်ပို့ရောင်းချမှုဈေးကွက်သည် ကိုဗစ်–၁၉ မဖြစ်ခင်ကာလကထက် ဈေးနှုန်းများ ထက်ဝက်ခန့်ကျဆင်းလျက်ရှိကြောင်း ကဏန်းမည်းတင်ပို့ရောင်းချသူများထံမှသိရသည်။ "တရုတ်ပြည်မှာ ကိုဗစ်–၁၉ စဖြစ်တာနဲ့အဝယ်ရပ်လိုက်တာ။ ဒီဘက်မှာ ဈေးကချက်ချင်းပြုတ်ကျသွားတယ်။ ပြီးတော့ ထိုင်းမှာဝယ်တာ အကန့်အသတ်ဖြစ်သွားတယ်။ အရင် တစ်ပိဿာပျှမ်းမျှငွေကျပ် ၁၀၀၀၀ ကျော်ရှိတာ။ အခု ငွေကျပ် ၆၀၀၀ ကျော်ဆိုတော့ ထက်ဝက် ပြုတ်ကျသွားတယ်။ အကြီးဆုံး ၃၀၀ ဂရမ်ဆိုရင် ငွေကျပ် ၂၅၀၀၀ လောက်ဖြစ်ခဲ့ပြီး အခု ကျွန်တော်တို့ဝယ်ဈေးက ၉၀၀၀ ရှိပါတယ်" ဟု ကဏန်းမည်းအဝယ်ဒိုင် ဦးလှငွေးကပြောသည်။ ကဏန်းမည်းဈေးကွက်တွင် အရွယ်အစားလေးမျိုးရှိပြီး လက်ရှိ အချိန်တွင် ၃၀၀ ဂရမ်အထက်ကို ယခင်က ငွေကျပ် ၂၅၀၀၀၊ ယခုငွေကျပ် ၉၀၀၀၊ ၂၀၀ဂရမ် အထက်ကို ယခင်က ငွေကျပ် ၂၀၀၀၀၊ ယခု ငွေကျပ် ၈၀၀၀၊ ၂၀၀ ဂရမ် အောက်ကို ယခင်က ငွေကျပ် ၁၅၀၀၀၊ ယခု ငွေကျပ် ၇၀၀၀ ဝန်းကျင်ခန့်၊ ၁၀၀ ဂရမ် အောက်ကို ငွေကျပ် ၆၅၀၀ ဝန်းကျင်ခန့်ရှိသည်။

မြိတ်မြို့မှ ကဏန်းမည်း တင်ပို့ရောင်းချမှုဈေးကွက်အနေဖြင့် တရုတ်ဈေးကွက်နှင့် ထိုင်းဈေးကွက်ကိုတင်ပို့ ရောင်းချလျက်ရှိပြီး တရုတ်ဈေးကွက်ကို ရန်ကုန်မှတစ်ဆင့်တင်ပို့လျက်ရှိကာ ထိုင်းဈေးကွက်ကို မော်တောင်–ပရာကျွတ် နယ်စပ်ပိတ်ထားသဖြင့် ကော့သောင်းမှတစ်ဆင့် ရနောင်းသို့ပို့ဆောင်လျက်ရှိကြသည်။ ကဏန်းမည်းကို ရန်ကုန်သို့ပို့ဆောင်ရာတွင် ကဏန်းအရှင်ကို ကုန်တင်ယာဉ်ဖြင့်ပို့ဆောင်ရာ ပြည်ထောင်စုလမ်းမကြီး၌ ညပိုင်းတွင် သွားလာခွင့်ပြုသဖြင့် အဆင်ပြေမှုရှိသော်လည်း ကော့သောင်းလမ်းတွင် ည ၁၀ နာရီ နောက်ပိုင်းသွားလာခွင့်မပြုသဖြင့် ကဏန်းမည်းတင်ပို့ရောင်းချသူများ အခက်အခဲများဖြစ်နေကြောင်းသိရသည်။" တစ်ဖက်နိုင်ငံက ပြန်ဝယ်နေလို့ နည်းနည်းပြန်ဝယ်တာပါ။ သူတို့မှာလည်း သွားလာရတာ ပြန်အဆင်ပြေပြီဆိုတော့ အစကသူတို့ အသွားအလာကန့်သတ်မှုရှိတယ်လို့ပြောတယ်။ အခုမှနည်းနည်း ပြန်အဆင်ပြေတယ်။ စားသောက်ဆိုင်တွေလည်း တစ်ဆိုင်မှာ စားပွဲခုံတစ်လုံးမှာ နှစ်ယောက်ပေးထိုင်တယ်။ အခုလက်ရှိ သွားရတဲ့ခရီးပဲ ပင်ပန်းနေတယ်။ ရနောင်းကမ်းကို ၁၂ နာရီထိုးရင် ကူးလို့မရတော့ဘူး။ တစ်နေ့မှာ တစ်စင်းပဲကူးလို့ရတယ်။ ဈေးကွက်အနေအထားက ထိုင်းဈေးကွက်ကိုပဲ အဓိကပို့ပေးတယ်"ဟု ကဏန်းမည်းအဝယ်ဒိုင် ဦးအေးလွင်ကပြောသည်။ လက်ရှိအချိန်၌ ကဏန်းမည်းအဝယ်ဒိုင်များသို့ လာရောက်ရောင်းချသူများက စားဝတ်နေရေးအခြေအနေကြောင့်ဈေးနှုန်းများကျဆင်းနေသော်လည်း ရသည့်ဈေးနှင့်လာရောက် ရောင်းချလျက်ရှိကြကြောင်း၊ ဈေးကွက်တွင် ကဏန်းမည်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ခန့် ဈေးကျချိန်၌ လာရောက် ရောင်းချကြပြီး ဈေးထပ်ကျချိန် လာရောက်ရောင်းချကြခြင်းမရှိဘဲ ဈေးတက်

မှပြန်ရောင်းကြမည်ဟုဆိုကြပြီး ဈေးထပ်မံကျချိန်လာရောက်ရောင်းချသူများက စားဝတ်နေရေးအခြေအနေကြောင့် ရသည့်ဈေးနှင့်လာရောက်ရောင်းချလျက်ရှိကြောင်း ကဏန်းမည်းတင်ပို့ရောင်းချသူများထံမှသိရသည်။

မြိတ်မြို့တွင် ကဏန်းမည်းအဝယ်ဒိုင်ကြီးလေးဒိုင်နှင့် ဒိုင်ငယ် ၁၀ ကျော်ရှိပြီး ကဏန်းမည်းများကို မြိတ်၊ ကျွန်းစု၊ ပုလော၊ ပင်လယ်ပိုင်းနှင့် ကြိမ်နီတောင်၊ ကြိမ်မဲတောင်မှ မြိတ်မြို့တွင်လာရောက်ရောင်းချလျက်ရှိကြပြီး တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချရာတွင် ဈေးကောင်းရချိန်၌ ဘုတ်ပြင်း၊ ကော့သောင်းဘက်မှလည်း လာရောက်ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ထပ်တိုးမတ်ပဲတန်ချိန် ၂.၅ သိန်း တင်သွင်းခွင့်ကာလ ထပ်မံတိုးမြှင့်သတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မတ်ပဲတန်ချိန် ၂.၅ သိန်းအား တိုးမြှင့်တင်သွင်းခွင့်ပြုထားရာတွင် ၎င်းမတ်ပဲများ နောက်ဆုံးထားတင်သွင်းရမည့်ကာလအား ၃.၃.၂၀၂၀ နေ့တွင် ကုန်သွယ်ရေး အသိပေးချက်အမှတ် ၅၄/၂၀၁၉-၂၀ ဖြင့် ၃၀.၄.၂၀၂၀ ရက်နေ့ အထိလည်းကောင်း၊ တစ်ဖန် ၁၆.၄.၂၀၂၀ ရက်နေ့၌ ကုန်သွယ်ရေးအသိပေးချက်အမှတ် ၀၄/ ၂၀၂၀-၂၁ ဖြင့် ၁၅.၅.၂၀၂၀ ရက်နေ့အထိလည်းကောင်း ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၌ COVID-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်နိုင်ရန်အတွက် ဆက်သွယ်သွားလာမှု တားမြစ်ကန့်သတ်ထားသည့်ကာလအတွင်း ကုန်စည်များသယ်ယူပို့ဆောင်ရန်အခက်အခဲရှိသဖြင့် အဆိုပါသတ်မှတ်ချက်အပေါ် ၃၀.၆.၂၀၂၀ နေ့အထိ တင်သွင်းခွင့်ကာလတိုးမြှင့်ပေးပါရန် မြန်မာနိုင်ငံရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနထံသို့ ၅.၅.၂၀၂၀ နေ့တွင် မေတ္တာရပ်ခံခဲ့ပါသည်။

ယခုအခါ အဆိုပါ မတ်ပဲတန်ချိန် ၂ သိန်း ၅ သောင်းအား အချိန်မီတင်သွင်းနိုင်ရန် ခက်ခဲသဖြင့် တင်သွင်းခွင့်သက်တမ်း တိုးမြှင့်ပေးရန် မေတ္တာရပ်ခံမှုများအရ ၎င်းမတ်ပဲများ အိန္ဒိယနိုင်ငံရှိဆိပ်ကမ်းသို့ နောက်ဆုံးထားရောက်ရှိရမည့်နေ့ရက်အား ၃၁.၅.၂၀၂၀ နေ့သို့ တိုးမြှင့်လိုက်ကြောင်းနှင့် ထပ်မံအချိန်တိုးမြှင့်တောင်းခံခြင်းကို လက်ခံဆောင်ရွက်မည်မဟုတ်ကြောင်း ဖော်ပြလျက် အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနက ၁၃.၅.၂၀၂၀ ရက်နေ့၌ ကုန် သွယ်ရေးအသိပေးချက်အမှတ် ၁၀/၂၀၂၀-၂၀၂၁ ဖြင့် ထုတ်ပြန်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

**Source: Trade Notice No. 10/2020-2021 dated 13th May 2020 of Directorate General of Foreign Trade, Ministry of Commerce and Induatry of India**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ကြားဖြတ်အယူခံခုံသမာဓိအစီအစဉ်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းကို အီးယူမှတင်သွင်းခဲ့ခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအား ပူးပေါင်းပါဝင်ရန်တိုက်တွန်းခဲ့ခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) ၏ အယူခံအဖွဲ့အကျပ် အတည်းအား ယာယီဖြေရှင်းဆောင်ရွက်မှုတစ်ရပ်ဖြစ်သည့် နိုင်ငံအများအပြားပါဝင်သော ကြားဖြတ်အယူခံခုံသမာဓိအစီအစဉ် (Multi-party Interim Appeal Arbitration Arrangement-MPIA) ၏ ခုံသမာဓိဝင် (၁၀) ဦးနေရာအတွက် အီးယူမှ ယင်း၏ကိုယ်စားလှယ်လောင်းအဖြစ် ပါမောက္ခ Joost H.B. Pauwelyn အမည်စာရင်းအားတင်သွင်းခဲ့ကြောင်း၊ ခုံသမာဓိဝင်များကို MPIA အဖွဲ့ဝင်များ အကြားရာနှုန်းပြည့်တူညီဆန္ဒဖြင့် အတည်ပြုသွားမည်ဖြစ်ကြောင်း၊ ခုံသမာဓိဝင် (၁၀) ဦးအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လကုန်တွင် ဖွဲ့စည်းသွားနိုင်ရန်နှင့် MPIA အဖွဲ့ဝင်နိုင်ငံများအကြား အယူခံမှုကိစ္စရပ်များဆောင်ရွက်ရန်လိုအပ်ပါက ၎င်းတို့အနေဖြင့် ကိုင်တွယ်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Phil Hogan အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံပေါင်း (၁၀၀) ကျော်ရှိ ကုန်သွယ်ရေးဝန်ကြီးများထံသို့ စာရေးသားပေးပို့၍ MPIA တွင် ပါဝင်ရန်ဖိတ်ခေါ်ခဲ့ကြောင်း သိရှိရပါသည်။

MPIA အစီအစဉ်ဖြင့် အယူခံမှုများဆောင်ရွက်ရန် ခုံသမာဓိဝင်များဖွဲ့စည်းနိုင်ရေးအတွက် အီးယူ၏ကိုယ်စားလှယ်

လောင်းအမည်စာရင်းကိုတင်သွင်းခဲ့ကြောင်း၊ ယင်းမှာ ခုံသမာဓိစနစ် အမြန်ဆုံးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်တွင်ပါဝင်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသည် အယူခံလုပ်ငန်းစဉ်ဖြင့် အမှီအခိုကင်းသော အငြင်းပွားမှုဖြေရှင်းရေးစနစ်ကို အကာအကွယ်ပေးရေး အခိုင်အမာဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေမှုကိုပြသခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏အခွင့်အရေးများကို ကာကွယ်ရန်အတွက်သာမက စီးပွားရေးပြန်လည်နိုးထမှုလုပ်ငန်းစဉ်တွင် အရေးပါသည့် စည်းမျဉ်း အခြေခံနိုင်ငံစုံအငြင်းပွားမှုဖြေရှင်းရေးစနစ်ကိုထောက်ခံရန်အတွက် အဆိုပါယာယီအစီအစဉ်တွင် ပူးပေါင်းပါဝင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအား မိမိအနေဖြင့်တိုက်တွန်းခြင်းဖြစ်သည်ဟု အီးယူ၏ကုန်သွယ်ရေးကော်မရှင်နာ Phil Hogan က ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

MPIA ကို အီးယူနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (၁၈) နိုင်ငံတို့က WTO သို့ အသိပေး အကြောင်းကြားခဲ့သည့် ၃၀-၄-၂၀၂၀ နေ့တွင် စတင်အသက်ဝင်ခဲ့ကြောင်း၊ ယင်းအစီအစဉ်တွင်ပါဝင်သည့် WTO အဖွဲ့ဝင်နိုင်ငံများအကြား MPIA ဖြင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ MPIA အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပုံမှန်အယူခံအဖွဲ့လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ချိန်အထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေး၏တစ်စိတ်တစ်ပိုင်းအနေဖြင့် လက်ရှိအယူခံအဖွဲ့အကျပ်အတည်းအား ဖြေရှင်းနိုင်ရေးသည် အီးယူ၏အဓိကဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အများပြည်သူကျန်းမာရေးဆိုင်ရာအခြေအနေများကြောင့် ကောင်းမွန်စွာ လည်ပတ်သည့် နိုင်ငံစုံပါဝင်သော စည်းမျဉ်းအခြေခံ ကမ္ဘာ့ကုန်သွယ်မှုစနစ်အား လိုအပ်နေသည့်အချိန်တွင် ယင်းအချက်မှာ ပို၍ပင်အရေးပါလာကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အယူခံအဖွဲ့ပြုပြင်ပြောင်းလဲရေးနှင့် တိုးတက်ဆောင်ရွက်ရန်လိုအပ်နေ သည့် WTO ဆိုင်ရာအခြားကိစ္စရပ်များအပေါ် အတူတကွလက်တွဲဆောင်ရွက်ရန် အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာ Phil Hogan က အမေရိကန်ပြည်ထောင်စု၊ ကုန်သွယ်ရေးကိုယ်စားလှယ် Robert Lighthizer ထံသို့ စာရေးသားပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

**Source:** https://trade.ec.europa.eu

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (15.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,000 | 751 | 7,885,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,650 | 3,700 | 3,650 | 2,631 | 9,604,150 | 38,929,150 | 142,091 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 185 | 1,518,800 | 10,400,986 | 86,328 |
| FPB | 00004 | 24,000 | +0 | +0.00% | 23,500 | 24,000 | 23,500 | 1,141 | 27,059,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 135 | 371,250 | 12,823,224 | 35,264 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 443.80 | +0.30 | +0.07% | 442.13 | 444.46 | 432.99 | 4,843 | 46,438,200 | 5 | 607,696 |

**Index chart**




# Market Overview

As of 1:00 pm, 15th May. 2020

| MYANPIX | 443.80 ▲ 0.30 |
|---|---|
| Total Volume (shares) | 4,843 |
| Total Value (MMK) | 46 mil |
| Listed Company | 5 |
| Market Cap. (MMK) | 607,696 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |